
သတ်မသေဖြစ်ခဲ့သူရဲ့
ဒိုင်ယာရီ
တည်နေဟန်

သတ်မသေဖြစ်ခဲ့သူရဲ့ ဒိုင်ယာရီ
(ဖန်တီးမှုပါဝင်သော ဒိုင်ယာရီအရေးအသား)
တည်နေဟန်

*

(၁) အရေးအသား ဒိုင်ယာရီအကြောင်း အရေးအသား

(၂) အရေးအသား ဒိုင်ယာရီ (၂၀၁၄)

(၃) အရေးအသား ဒိုင်ယာရီ (၂၀၂၂)

(၄) အရေးအသား ဒိုင်ယာရီ အကြောင်း ဒိုင်ယာရီ

(၅)တခြားဖက်ခြမ်းက ဒိုင်ယာရီ အရေးအသား

(၆)ဒိုင်ယာရီအသေ ရဲ့ အရေးအသား

***

အရေးအသား ဒိုင်ယာရီအကြောင်း အရေးအသား

-

(၁)

-

၂၀၁၄ မှာ တခါ။

ဒီအရေးအသားဟာ ငါ သေဆုံးတော့မယ်ဆိုတာကို ပြခဲ့တဲ့ လက္ခဏာ၊ သင်္ကေတဖြစ်ခဲ့တယ်။ အိပ်ပြီး ပြန်မထချင် ခဲ့တဲ့ ကာလတွေနဲ့ ဆူဆိုက်

အကြောင်း အများကြီးတွေးနေမိတဲ့အချိန်တွေ။ လမ်းပျောက်ရှသွားတဲ့ အချိန်တွေ။ မ ဟုတ်ဘူး။ လမ်းပျောက်သွားတာမဟုတ်ဘူး။ ရှင်သန်နေဖို့ အကြောင်းအရင်းပျောက်သွားတာ။

ဒါလည်းမဟုတ်ဘူး။

ရှင်သန်နေတဲ့ သူက ဘယ်သူလဲဆိုတာ မသိတော့တာ။ အဲဒါမှ မှန်မယ်။

ငါ ရှင်နေသေးလားနဲ့ ရှင်နေသေးတဲ့သူက ဘယ်သူလဲဆိုတာ မသိတာ။

ပူးကပ်ခံခန္ဓာလိုမျိုးနေခဲ့ရတဲ့အချိန်တွေပေါ့။

ညနေတွေ ခပ်အေးအေးရှိတဲ့ ကျောက်စလက် ခေါင်းမိုးထပ်က ထိုင်ခုံမှာ ထိုင်ပြီး ဘာမြင်ကွင်းမှ မရှိတဲ့ နောက်ဖေး လမ်းကြားတွေဖက်ကို ငေးနေခဲ့တဲ့ အချိန်တွေပေါ့။

ဆေးလိပ်မသောက်တတ်ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ဘီယာပုလင်းတွေ ဆင်းဝယ်ရင်း၊ အလုပ် က ပေးတဲ့အဆောင်ရဲ့ သေတ္တာ အစိမ်းထဲမှာ ထည့်ထားတဲ့ ဝီစကီပုလင်းကို ခဏခဏထုတ်ယူရင်း။

အသက်အားဖြင့် ၂၃။

မွေးနေ့ - ဆိုတဲ့ကဗျာကို ရေးပြီးခဲ့တဲ့ နောက် သိပ်မကြာခင်။ စိတ္တဇအာရုံရပ်များဆိုတဲ့ အရေးအသားကို ရေးခဲ့ပြီး တော်တော်အကြာ။

ဘေးမှာ တယောက်ယောက်ရှိနေခြင်းကို ငြိုငြင်မိတတ်တဲ့အချိန်။ ဂစ်တာ မတီးတတ်တဲ့အတွက် ကိုယ့်ကိုယ့်ကိုယ် သဘောကျမိတဲ့အချိန်။

အဲဒီအချိန်မှာ အရေးအသား ဒိုင်ယာရီကို ရေးခဲ့တာ။

ဒီအထဲမှာ တချို့က အဖြစ်မှန်တွေ။ တချို့က ထိုးဇာတ်တွေ။

ငါက မှတ်ဉာဏ်ဆိုတာကို ထိုးဇာတ်လို့ပဲ မြင်တဲ့သူဆိုတော့ သိပ်ပြီး မဥပါပ်ဘူး။ ဒီအတိုင်းပဲ။ ထိုင်ရေးခဲ့လိုက် တယ်။ ဆောင်းတွင်းဖြစ်တယ်ဆိုတာ

ကိုတော့ မှတ်မိသေးတယ်။

တခြားနေရာတွေမှာ ကဗျာ ဘယ်ကိုမှမပေး၊ မပို့၊ တောင်းတဲ့သူလည်းမရှိ၊ သုံးတဲ့သူလည်း မရှိတဲ့အခါကျတော့ အများအားဖြင့် ဖေ့စ်ဘွတ်ခ်မှာပဲ တင်ခဲ့တယ်။ ဒါလည်း ဖေ့စ်ဘွတ်ခ်မှာပဲ ညဖက်- မနက်မိုးလင်းလုလုမှာ ထိုင်ရေးပြီး တင်ခဲ့တာပဲ (အဲဒီလို မှတ်မိတယ်)

အကုန်တိတ်ဆိတ်နေတဲ့အချိန်ထင်တယ်။

အဲဒီတုန်းက ငါ့မှာ ပြန်စရာ အိမ်မရှိဘူး။ ငါ အိမ်ပေါ်ကနေ ဘာမှမကြည့်ဘဲ တဖက်သတ်ဆင်းလာခဲ့တာ။ ဆို တော့ မနက်အလုပ်ပြီးရင် အားလုံးက ကိုယ်စီအိမ်ပြန်ကြတော့မယ့်အချိန်၊ ငါနဲ့ သက်ဆိုင်တာ ဘာမှမရှိဘူး။ ငါ နေနေတာက ငါ့အလုပ်ရဲ့အပေါ်ထပ်က အလုပ်ကပေးတဲ့အဆောင်။

ငါနဲ့ ဘာမှမဆိုင်ဘူး။

(၂)

-

တချို့သူငယ်ချင်းတွေက ရှိကြသေးတယ်။ တချို့ကတော့ ပြန်မတွေ့ကြတော့ဘဲ ဆန်းကြယ်တယ်။ တချို့ကျတော့ စိမ်းသက်သွားပုံ ဆန်းကြယ်တယ်။

ငါ့မှာ သူငယ်ချင်းတစ်ယောက်တစ်လေနဲ့ ပြန်တွေ့လို့ စကားထိုင်ပြောမိရင် အတင်း ရင်းနှီးသလို ပြန်လုပ်ယူရတဲ့ အခါတွေမနည်းဘူး။ အဲဒါ ငါ့သူငယ်ချင်းအရင်းတွေ။ အဲဒါမျိုးမဖြစ်ဘဲ အရင်အတိုင်းခံစားရတဲ့သူငယ်ချင်းဆိုတာ လက်ချိုးရေလို့ ရလာတယ်။ ဒီလိုနဲ့ ငါ့သူငယ်ချင်းတွေကို သေသွားတဲ့ သူငယ်ချင်းတွေနဲ့ ရောသွားတာပဲ။

ပြီးတော့ အားလုံးနဲ့ စိမ်းနေတဲ့ ခံစားချက်။

တယောက်ယောက်နဲ့တွေ့လို့ ပြုံးပြမိရင် သူ့အကြောင်း ငါသိသလိုလိုနဲ့ တကယ်တမ်း ဘာမှမသိတဲ့ ခံစားချက်။ ပြီး တော့ ငါဟာ လူတွေကြားထဲမှာ ပျောက်ကွယ်နေတယ်လို့ ထင်မိတဲ့ စိတ်အတွေး။

ငါ့ကို အတင်းလိုက်ပြန်ရှာနေခဲ့တဲ့ ကောင်မလေးတစ်ယောက်လည်းရှိခဲ့ပါ တယ်။ သူ့အတွက် စိတ်မကောင်းပါဘူး။ အဲဒီတုန်းက ငါက သေအံ့မူးမူး လေ။ ငါသေတော့မယ်ဆိုတာ သူမသိခဲ့ဘူး။ သူက သူ့ဆီမှာ ရှိခဲ့ဖူးတဲ့ ငါ့ကို ပြန်လိုက် ရှာနေခဲ့တာ။ ငါကလည်း သူ့နားမှာ ရှိခဲ့ဖူးတဲ့ငါအဖြစ် ပြန်သွားဖို့ တတ်နိုင်သမျှ ကြိုးစားခဲ့တာ။

ပြီးတော့ မြေနီကုန်းနဲ့ အဝိုင်းကြားမှာ ဆောင်းညနေ ၃-၄ နာရီလောက် တယောက်တည်း လမ်းလျှောက်ဖြတ် သွားကြဖူးသူတိုင်း ခံစားဖူးမယ့် ပြော ပြရခက်တဲ့ တမျိုးတမည်သော တိတ်ဆိတ်မှုနဲ့ စိမ်းနေခြင်း၊ အဆုတ်ထဲကို အခဲလိုက်ရောက်လာတဲ့ ပင့်သက်တွေ၊ စကားလုံးကင်းမဲ့မှုနဲ့ ဆက်ဆံရေး ကင်းမဲ့မှုတွေဟာ ငါတို့ကြားကို သဘာဝ ကျကျပဲ ရောက်လာခဲ့တယ်။

တယောက်နဲ့ တယောက်ချစ်တယ်ဆိုတာ ညာနေကြတာပဲလို့ ပထမဆုံး စ တွဲတဲ့နေ့မှာ ငါ စောက်သုံးမကျစွာ ပြောဖူးတဲ့စကားဟာ သူ့စိတ်ထဲ အနာတရတခုလိုကျန်ရစ်မယ်ထင်ပါတယ်။

ခုတော့ ငါပြန်ဖြည့်ပြောနိုင်ပါပြီ။

တယောက်နဲ့ တယောက်ချစ်တယ်ဆိုတာ ညာနေတယ်လို့ ထင်ရတဲ့ အစစ်အမှန်တခု- ဒါမှမဟုတ် - စစ်မှန်တယ်လို့ ထင်နေရတဲ့ အလိမ်အညာ ပါ။ ငါတို့တွေ ဘယ်အပိုင်းမှာ အာရုံစိုက်ထားရမလဲ မသိခဲ့ကြတာ။ ဒီလိုနဲ့ တယောက် အသိအမှတ်နဲ့ ဘဝဖြတ်သန်းမှုထဲ တယောက်က သင်ခန်း စာနဲ့ အနာတရတချို့ဝင်ချန်ထားခဲ့ကြပြီး တယောက်ဘဝထဲကနေ တယောက်ခုန်

ထွက်သွားခဲ့ကြရော။

အဲဒါလဲ ဆောင်းပဲလို့ ငါထင်တယ်။

ညနေ မှောင်လုနေပါပြီ။

အိမ်ပြန်လိုက်ပို့ အပြီးမှာ ငါဟာ ငါ ပြန်မဖြစ်တော့ဘဲ ငါနောက်တယောက်ဖြစ်သွားခဲ့တယ်။

ဒီထက်လည်း ဆိုးခဲ့မယ်ထင်ပါတယ်။

ဒီထက်လည်း ကောင်းခဲ့ရင် ကောင်းခဲ့မှာပေါ့။

ဒါကြီးကတော့ အဝိုင်းကနေ စံပြကို တယောက်တည်းဆက်လျှောက်ရသလို အထီးကျန်ဆန်ပါတယ်။

-

(၃)

-

ရုန်းကန်ရတယ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတခုပဲလို့ အခုတော့ ငါပြောနိုင်ပြီပေါ့။ ရုန်းကန်မှုပါမှ လှတယ်လို့ လည်း ငါ အထင်အမြင်ပြောင်းခဲ့ပြီ။

ဒါပေမဲ့ အဲဒီတုန်းကတော့ မောတယ်။

တွဲထဲမှာ လင်းနေပေမဲ့ ညနက်မှာ မျက်စိမှိတ်ထားမိသလို အမှောင်ထဲ ရှေ့မီး ၂ လုံးနဲ့ ထိုးခွဲဝင်သွားနေတဲ့ ရထား တစ်စီးပေါ်မှာ အိပ်မပျော်နိုင်ဘဲ ပါလာသူတယောက်လိုမျိုးလေ။ ရှေ့ကိုလည်း ငါမမြင်ရဘူး။ အရာအားလုံးက မြန်မြန်ဆန်ဆန်ဖြတ်သွားတယ်။ ဘာရယ်လို့ ဝေခွဲနိုင်လောက်အောင်လည်း အချိန်ရတယ်။ အမှတ်ရနေဖို့လောက် သာ မကြာတာ။

ငါနဲ့အတူတူ အားလုံးလည်း ဒီလိုပဲ ပြေးလွှားနေခဲ့ကြတယ်။

အခုအချိန်ဖြစ်ပျက်နေတော့မယ့်အရာတွေဆီ ဦးတည်ဖို့ အဲဒီအချိန်မှာ ငါ့ကောင်တွေနဲ့ ငါ လှုပ်ရှားနေခဲ့ပုံက အခု ပြန်တွေးတော့ ဘယ်သူမှ ပြန်မရိုက်ချင်တော့မဲ့ ရုပ်ရှင်ကားဟောင်းတကားလိုပါပဲ။

လမ်းဘေးလက်ဖက်ရည်ဆိုင်တွေတန်းစီဖွင့်ခါစ ပန်းဆိုးတန်းလမ်းမမှာ ညနေခင်း စုဝေးပြီး မောလို့မောရမှန်းမသိ ဘဲ ရသလို ဖြတ်သွားနေခဲ့ကြတာ။

သူတို့ နေခဲ့ဖူးတဲ့အဆောင်နေရာတွေ၊ ငါနေခဲ့ဖူးတဲ့ အလုပ်နေရာတွေ။ ရသမျှ လုပ်ခအကုန် အရက်ဝယ်သောက်ပစ် လိုက်ပြီး ညနက်နက်ထဲမှာ အကြောင်းပြချက်မဲ့ ဆဲရင်း လမ်းလျှောက်နေခဲ့ကြတာတွေ။

ပြီးတော့ အိမ်မပြန်ချင်သေးတဲ့ ကောင်တွေလည်း တနေရာရာ ဆက်ထိုင်။

အိမ်ပြန်စရာ မရှိတဲ့ ငါတို့လည်း ဆက်ထိုင်။

ညအစောပိုင်းမှာ ဖြစ်ပျက်ခဲ့သမျှတွေက ဖြတ်ကနဲကုန်ဆုံးသွားပြီး ည ၂ နာရီနဲ့ မနက် ၅ နာရီလောက်ကြားထဲ ငါတို့ လမ်းလျှောက်နေခဲ့တာ။ ညလုံးပေါက်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင်တွေထဲမှာ ငေးနေခဲ့တာ။ ပင်ပန်းနေပေမဲ့ မအိပ်ချင်နေတဲ့ မျက်လုံးတွေကို လမ်းမဆီ ပို့ထားရင်း ဘာတွေလုပ်ချင်တယ်ဆိုတဲ့အကြောင်းကို လေးလေးပင်ပင် ပြောနေခဲ့ကြတာ။ တခါတလေတော့လည်း အိပ်စရာတနေရာရာမှာ သွားအိပ်နေခဲ့ကြတာပေါ့။

ဒါတွေဟာ အရေးအသားဒိုင်ယာရီကို ရေးခဲ့ပြီးတဲ့နောက် ၂၀၁၅-၂၀၁၆ တွေပဲ။

ငါတို့ တရွှတ်ဆွဲလာခဲ့တဲ့ ငါတို့ပဲ။

ငါနိမိတ်ဖတ်ခဲ့တဲ့ ငါတော့ အတိအကျဟုတ်ချင်မှ ဟုတ်မှာပေါ့။

ဒါပေမဲ့ ငါသေတော့မယ်ဆိုတာကတော့ ငါသိနေခဲ့ပြီ။

ဖရက်ဒီ မာကျူရီရဲ့ သီချင်းစာသားလိုပဲ။ တကိုယ်လုံးကိုက်ခဲလို့နေခဲ့တာ။

တခါတခါ သွေးကြွပြီး မဟုတ်က မဟတ်က တွေပြောရင်း ရန်ကုန်ကနေ ပဲခူးကို တက္ကစီတစ်စင်း စုဌား၊ မိုးတွေထဲ မှာ အကြောင်းမဲ့သွားခဲ့ကြတာ။ ကားသမားရဲ့စိုးရိမ်မှုမျိုးဟာ ငါတို့အတွက် ရန်ကုန်ကနေ အထွက်မှာ ကျန်နေခဲ့ပြီ။ ပြီးတော့ အမှောင်ထဲမှာ တဟားဟားလုပ်နေတဲ့ ကားလေးတစ်စင်း ရှေ့မီးတွေ တဝင်းဝင်းနဲ့ ပြေးနေတာပေါ့။ ပြီး တော့ ရွှေမော်ဓေါဘုရားကြီးရှေ့မှာ သွားထိုင်ရင်း ဆောင်းတန်းဖွင့်တာစောင့်နေခဲ့ကြတာပေါ့။ ဆောင်းတန်းဟာ အဲဒီကတည်းက အခုထိ ငါ့အတွက် မပွင့်တော့ပါဘူး။ စောက်မြင်ကပ်ချင်စရာကောင်းတဲ့ ခြင်္သေ့တွေကိုပဲ မကြား တကြား ဆဲရေးပြီး ငါတို့ ပြန်လာခဲ့တာ။

ပြီးတော့ ပဲခူးရဲ့ အမည်မသိလမ်းမပေါ်မှာ မိုးရေတွေထဲ Desperado ဇာတ်ကား ပိုစတာထဲက Antonio Banderas ဂစ်တာအိတ်ကြီးကိုင်လျှောက်နေသလို ရင်ဘောင်တန်းလျှောက်နေခဲ့ကြတာ။

အဲဒါ ငါ့ သေဆုံးမှုကို ငါပြန်ဆက်စပ်နေခဲ့ပုံတွေပါပဲ။

အရေးအသား ဒိုင်ယာရီဟာ ငါ သေဆုံးတော့မယ့်အကြောင်း အစောပိုင်းနိမိတ်ပေါ့။

(၄)

-

အဓိပ္ပါယ်တွေ ပြန်ရှိမလားလို့ ငါ့အတွင်းထဲ ငါ ထိုးသွတ်ခဲ့တာတွေလည်းရှိခဲ့တယ်။ အရေးပါမယ်ထင်တဲ့ တစ်စုံ တစ်ရာတွေမှာ ဝင်ပါနေခဲ့တဲ့ အခါကာလတွေဆိုပါတော့။ ပြီးတော့ သဘာဝကျစွာပဲ ဘီယာဆိုင်တွေဖက်ကို ငါတို့ လျှောက်သွားခဲ့ကြတယ်။

ငါတို့ဟာ ငါတို့ကိုယ်ငါတို့ ဘယ်လောက် အန္တရာယ်ကြီးစွာ ပြုကွဲခွင့်ပြုခဲ့ပြုခဲ့၊ ကျန်တဲ့သူတွေအတွက်ကိုတော့ ထိ ခိုက်ရှာနာကင်းမဲ့အောင် လုပ်ခဲ့တယ်။ ဒါဟာ ချစ်မြတ်ခြင်းတော့လည်း မဟုတ်ဘူး။ စောက်ဖက်မလုပ်မှုတမျိုးဆို ပါတော့။

ငါကတော့ တစစီပဲ။ အကုန်လွင့်ပျယ်၊ အကုန်ပြုကွဲပြီး ဆူးလေရင်ပြင်ထဲမှာ လေသင့်ရာ ပါပါသွားကုန်တာပဲ။ ဒီလို ပဲဖြစ်ရမယ်လေ။ ငါ သေသွားနေပြီကိုး။ ငါ့တစိတ်တပိုင်းက ငါရှင်နေသေးလားလို့ ဖြော့တော့ ရောင့်ရဲစွာ စူးစမ်းနေ ပြီး အစိတ်အပိုင်းတချို့ကတော့ သေကြေနေတယ်။ ညနေ ၃ နာရီလောက်ကြီး ငါထလာပြီး ခေါင်းရင်းက ဒိုင်ယာရီ ထဲ ငါသေသွားပြီပဲလို့ ထရေးထည့်ပြီး ပြန်အိပ်ဖို့ ကြိုးစားသလိုမျိုးပဲ။ ငါ့ တော်တော်များများကတော့ ငါ့ဆီက သေ သလား၊ ရှင်သလား သတင်းစကားကို စောင့်နေခဲ့တာ။ သေသွားမှတော့လည်း အဆွေးစားကောင်တွေက ဖြိုခွဲမှာပဲ Decompose လုပ်မှာပဲလေ။

ငါ ပုံပျက်သွားပုံက ဗန္ဓုလပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်လိုပ။ ကာလရွှေ့လျော့လာပြီး မူလတန်ဖိုး ပျောက်ဆုံးသွားတော့ မတ်မတ်ကြီးကွဲကြေသွားတာလေ။ အထဲမှာ လမ်းပတ်လျှောက်တိုင်း ရောက်လာသူတွေဟာ ဒါကြီးရဲ့ အထိမ်းအမှတ်ထက် သူတို့ အထိမ်းအမှတ်တွေကိုသာ ပို အလေးအမြတ်ပြုကြတော့တာမျိုးလေ။ ငါ ကတော့ သူတို့နဲ့ တသဘောတည်းပါပဲ။ သို့သော် သူတို့ကိုလည်း သိပ်စောက်ဂရုစိုက်လှတယ်မဟုတ်ပါဘူး။

အဲဒါကြီးရဲ့ရှေ့က ရယ်ချင်စရာ ကြေးခြသေ့်မဲမဲတွေ ရှေ့မှာ ငါ အကြောင်းမဲ့ အချိန်တခုအထိ ရပ်နေခဲ့ဖူးမှာပေါ့။ ပတ်ပတ် လည်က စာတွေကို ငါ ရွတ်ပြီး မဖတ်ဘဲနေခဲ့ဖူးမှာပေါ့။ လှေကားထစ်မှာ ထိုင်ရင်း

အဝင်ဝက ဗယာကြော်ကို စားနေ ခဲ့ဖူးမှာပေါ့။

အဲဒီအထဲမှာ ငါတို့ အဖမ်းလဲ ခံရလုမတတ်ပါပဲ။ တခုခု လုပ်နေတယ်လို့ အထင်နဲ့ လူပ်ရှားနေခဲ့တဲ့ အချိန်တွေလေ။ အရေးအသား ဒိုင်ယာရီအပြီး ၁ နှစ်လောက်အကြာ။ ငါသေဆုံးခဲ့ခြင်းကို ငါ မျက်ဝါးထင်ထင် တွေ့လုဆဲဆဲကာလ။ ငါဆုံခဲ့ရတဲ့ သူတွေကို ငါ တန်ဖိုးထားပေမဲ့ အဲဒီအလုပ်တွေထဲက တန်ဖိုးကို ငါ ထုတ်နှုတ်ယူဖို့ မလိုချင်ခဲ့ဘူး။ ငါ့မှာ လက်ခံစရာ ငါမှမရှိဘဲနဲ့။

ဒီလိုနဲ့ပဲ ရပ်တန့်သွားတယ်။

အိပ်မပျော်လို့ အကျင့်ရှိနေတဲ့အထိုင်း ထိုင်ရေးနေတဲ့ ဒိုင်ယာရီစာမျက်နှာ တော်တော်များ ကုန်အပြီးမှာတော့ ငါဟာ သေဆုံးနေသူတယောက်မှန်း ငါ သိသွားခဲ့တယ်။

ပြီးတော့ ငါ ခဏလှဲနေခဲ့သေးတယ်။

ပြီးတော့ ရုံးအောက်ကို ငါ ဆင်းသွားခဲ့တယ်။

7/11 မှာ အချိန်ပြည့်ရနိုင်တဲ့ ဘလိတ်ဓါးတချို့အကြောင်းလည်း တွေးနေခဲ့တယ်။

ပြီးတော့ ငါမမှတ်မိတဲ့ အရာတချို့ကို လုပ်နေခဲ့တာ အကြာကြီးပဲ။

တကယ်။

အကြာကြီးဆို အကြာကြီးပဲ။

ကမ္ဘာကို မဖန်ဆင်းခင် အခိုက်ကာလ၊ စကြာဝဠာအနန္တထဲမှာ အကြားအလပ်မရှိ တည်ငြိမ်နေခဲ့သလိုမျိုး။ အဓိပ္ပါယ် ဘာတစ်ခုရယ်လို့မှ မရှိဘဲ အကြာကြီး...

-

-

ငါ ၃ ကြိမ် ၃ ခါတိတိ သေဆုံးခဲ့ဖူးတယ်။

ဒါကို ငါ မကြာမကြာ ပြန်ပြောဖြစ်တော့မယ်ထင်ပါတယ်။

ပြီးတော့ ငါ ပြန်ရှင်ပြန်လာခဲ့တယ်။

ပြီးတော့ ငှါဆီကို နတ်သူငယ်တွေ၊ မှင်စာတွေ၊ ချစ်စရာ နတ်သမီးတွေ၊ လူပုလေးတွေ၊ အခြားသော ကြောက်မက် ဖွယ်ရာ အကောင်တွေ လာကြတယ်။ ငါ ပျော်မွေ့တယ်။

ဗိုလ်အောင်ကျော်လမ်းမထောင့်မှာ ငါပဲတွေ့နိုင်တဲ့ လမ်းမီးတိုင်တစ်ခုလည်း ရှိခဲ့တယ်။

မြေနီကုန်းတဝိုက်မှာလည်း ခင်စရာကောင်းတဲ့ ပင်လယ်ဖျံတွေ လေထဲမှာ ပျံနေခဲ့ကြဖူးတယ်။

အမှောင်ထဲနဲ့ နေ့အလင်းထဲ ငါ ကူးချည် သန်းချည်လုပ်နေခဲ့ပုံအကြောင်းကို ငါအခုထိ ထူးထွေနေမိတုန်းပဲ။

မြေနီကုန်းကားမှတ်တိုင်မှာ ဘာကားကိုမှ မစောင့်ဘဲ နေ့ခင်း ၂ နာရီလောက် အရိပ်ထဲ ရပ်နေဖူးလား။ လမ်းရဲ့ အထီးကျန်တိတ်ဆိတ်မှုဟာ ငှါကို စိတ်သက်သာရာရစေတယ်။

Black Canyon ရှေ့ကလမ်းမှာ ငှါလမ်းမီးတိုင်တွေ ငါဘာသာငါ ဒီဇိုင်းဆွဲစိုက်ထူပြီး လျှောက်ခဲ့ဖူးတယ်။

ည ၁ နာရီလောက် မြေနီကုန်းကနေ ပန်းဆိုးတန်းကို လမ်းလျှောက်ပြန်ဖူးလား။ အိုး ပြန်တယ်လို့ ငါသုံးရအောင် အဲဒီမှာ ငှါစမှတ်တခုခုများ ရှိခဲ့တာလား။

ဗိုလ်ချုပ်လမ်းပေါ်မှာ ည ၁ နာရီအချိန် တိတ်ဆိတ်နေပုံနဲ့ အေးချမ်းနေပုံ။

အဲဒါတွေက ငါ့ကို ပြန်အသက်သွင်းခဲ့တယ်။

အရင်းနှီးဆုံး ၁-၂ ယောက်နဲ့ ပလက်ဖောင်းပေါ်ခင်းတဲ့ ဘီယာဆိုင်ခုံမှာ ညလုံးပေါက်ခဲ့တယ်။

ငါပြန်မသေအောင် ငါ နေနိုင်သမျှနေခဲ့တယ်။

ဒါတွေဟာ အခုပြန်တွေးကြည့်တော့ မှင်မထွက်လို့ခြစ်လိုက်ရာ ဆက်ဆွဲဖြစ်သွားတဲ့ ကောက်ကြောင်းပုံတွေလိုပဲ။ လိုချင်တဲ့ပုံရတယ်လို့ထင်ရပေမဲ့ အစမှာ ဘာလိုချင်တဲ့ ပုံမှမရှိခဲ့ဘူး။ ရည်ရွယ်ချက်မဲ့ပေမဲ့ ကျနပ်ဖို့ကောင်းခဲ့ တယ်။

တခါတရံ လမ်းမတော် ရွှေပုစွန်မှာ ငါ တနေကုန်ထိုင်ရင်း ခိုတွေကို ထိုင်ကြည့်တယ်။ လမ်းပေါ်က လူတွေကို ထိုင်ကြည့်တယ်။ ကော်ဖီခွက်တွေ များသထက် များလာတယ်။ ခွေးတွေထွက်လာတယ်။

တခါတခါ ငါ ပါရီရှုန်ကဖေးမှာ လူတွေကို မှန်ခံပြီး ငေးနေခဲ့တယ်။

အား.....ငါ ပြန်မွေးဖွားလာချိန်မှာ ပေါင်မုန့်နဲ့ ကော်ဖီနဲ့မွှေးမွှေးပါခဲ့တယ်။

ရေခဲမုန့်တွေ တဘူးပြီး တဘူးစားခဲ့တယ်။

ဘာတွေနဲ့သတ်မှတ်ထားလို့ ငါ ညပ်ပြီး သေသွားသလိုဆိုတာကို ငါ့ကိုငါ လွှတ်ထားလိုက်တဲ့အချိန်မှာ ငါ မြင်ရတယ်။

ပြီးတော့ မြေနီကုန်းကနေ လှည်းတန်းကို လမ်းလျှောက်သွားတယ်။

လမ်းတဖက်မှာ ငါ့အလောင်းဟာ ထီးဆောင်းပြီး လိုက်လျှောက်လာနေခဲ့တယ်။

-

၆

-

ညနေတွေထဲမှာ အလင်းဟာ အစင်းအစင်းတွေ ထင်ပြီး မှုန်ဝါးဖျော့တော့လာတတ်တယ်။ ညအခါ သစ်ရွက်တွေ ဟာ ငိုက်မြည်းပြီး သိပ်ရှက်တတ်ပေမဲ့ ရက်စက်ကြမ်းတမ်းတဲ့ ယုံတမ်းပုံပြင်တွေကိုလည်း ပြောပြတတ်သေးတယ်။

အမှောင်ရဲ့ အတွင်းမျက်နှာပြင်မှာ ဆေးရေးတွေဟာ ကမ္ဘာဆုံးချိန် အကြောင်း ဟောကိန်းထုတ် လှပနေတာ မြင်ဖူး စေ့ချင်ပါတယ်။

ငါ ရေဒီယိုတခုမှာ အပတ်စဉ် အစီအစဉ်တခု ဝင်ပါခဲ့ဖူးတယ်။ အရေးမကြီးဘူး။ အဲဒါက လှည်းတန်းမှာရှိတယ်။

၂၀၁၆-၁၇ တွေပေါ့။ လမ်းတွေပေါ်တက်ကြွမှုလို့ ခေါ်တဲ့ အတုတွေ စပြီး ဖြန့်ဝေစပြုတဲ့ကာလတွေပေါ့။

အဝေးမှာ လူတွေသေနေတယ်။ နေရာအနှံ့အပြား။

အသံသွင်းခန်းကနေ ပြန်တဲ့ ညတွေဆို လမ်းပေါ်မှာ လူတွေကို ငါ အလင်းရှိပါရဲ့ ရိပ်တိတ်တိတ်ပဲ မြင်ရတယ်။ ငါ့အထဲက ဗလာဟာ ဘာလဲလို့ ငါမေးဖို့ အချိန်မရခဲ့တာ တော်တော်ကြာတယ်ထင်တယ်။ ရှက်စရာပဲ။

ငါ လမ်းလျှောက်တယ်။

လှည်းတန်းကနေ ရောက်နိုင်သလောက်အထိ ငါ လမ်းလျှောက်တယ်။

သံလမ်းလောက်အထိတော့ ငါ အေးအေးဆေးဆေး လျှောက်ခဲ့တာချည်းပဲ။

ပြီးတော့ ငါ အများကြီး စဉ်းစားခဲ့တယ်။

ပင်လယ်သဲကို လက်နဲ့ဆုပ်ပြီး ပင်လယ်ထဲ လက်ပြန်မြှုပ်ထားသလိုမျိုး ငါ တွေးခဲ့သမျှတွေဟာ အချိန်ကာလတွေ ကြာတော့လည်း ရေးရေးလေးတွေသာ ကျန်တော့မယ်ထင်တယ်။

ချိုသာတဲ့ အနံ့တွေ ရတာတော့ မှတ်မိတယ်။

အသားပြားကြော်ရောင်းတဲ့ဆိုင်တခုမှာ ဝင်ပြီး စားသောက်ရင်း မှောင်သွားပြီဖြစ်တော့မှ သေချာမြင်ရတဲ့ လမ်း ပေါ်က မျက်နှာနေမျက်နှာထားတွေကို ပုံရေးတတ်ရင် ကောင်းမှာလို့ ခဏခဏ စဉ်းစားခဲ့မိတယ်။

တက္ကစီတစီးတားစီးပြီးတဲ့နောက် မျက်စိကို မှိတ်ပြီး လိုက်လာဖြစ်မယ်ထင်တယ်။

ဘုရားကျောင်းကနေ ပန်းခြံကြား မှတ်တိုင်များဟာ ငါ့အား တုန်ခါစေတဲ့ နေရာတွေပါပဲ။

အတိတ်နဲ့တူတယ်။

ဆေးကြောခံလိုက်ရတဲ့ မှတ်ဉာဏ်နဲ့တူတယ်။

တခြားကမ္ဘာနဲ့တူတယ်။

သီးခြားဖြစ်တည်နေတဲ့ နေရာတခုနဲ့တူတယ်။

ချစ်စရာ မှင်စာသေးသေးလေးတွေ လမ်းဖြတ်ကူးကြတယ်။

လင်းချင်းငြိမ်သက်နေခြင်းဟာ ငါ့ကို မြှားယူသွားတာ ငါပါးဟက်တွေမှာ ချိတ်စက်လက်နဲ့။

ငါ ရင်ထဲကို ဖိထားတဲ့ ဗလာနဲ့ လေထုတခုဟာ အဲဒီအနားမှာ ဘာအကြောင်းချင်းရာမှ မရှိပါဘဲ ပိများတယ်။

ငါ့အကြောင်းတွေ တခုမှ လွတ်မကျခဲ့ရာ လစ်ဟာနယ်မို့ များလားလို့ စဉ်းစားမိတယ်။

ဗဟိုလမ်းပေါ်သွားဖို့ လမ်းဖြတ်ကလေးကနေ ငါ စိတ်ကူးနဲ့ ဆင်းမိတယ်။

မြင်ကွင်းကြောင့် ငါ ငိုခဲ့ရဖူးတယ်။

ဒီလောကကမဟုတ်တဲ့ ရထားတစ်စင်း မြည်သံပေးပြီး မောင်းနှင်သွားတယ်။

ပြတင်းက အလင်းကျဉ်းကျဉ်းလေးထဲကနေ ငါ့အလောင်း စီးနင်းသွားမှန်း သိမြင်ခဲ့ရတယ်။

-

၇

-

ငါ ကြို့ကုန်းနား ဆောင်းညနေ ၄ နာရီကျော်လောက်မှာ ရောက်ရှိနေတယ်။

ငါ ဇီးလွန်လမ်းဆုံနား ညနေ ၂ နာရီလောက်မှာ ရောက်ရှိနေတယ်။

ငါ အင်ဒိုင်ကြီးလမ်းတလျှောက်မှာ မိုးတွင်းကြီး ရောက်ရှိနေတယ်။

မိုးတွေဟာ ရယ်စရာကောင်းအောင် ကွက်ကျားရွာနေခဲ့တယ်။ ကိုက် ၁၀၀ လောက်မှာ ရွာနေပေမဲ့ နောက်ထပ် ကိုက် ၁၀၀ မှာ မရွာနေပြန်ဘူး။ အဲဒီလို အကွက်လိုက် အကွက်လိုက်တွေနဲ့။

လမ်းဘေးကုန်းတန်းပေါ်က မယ်ဇလီပင်တွေနဲ့။

သံမဏိသံဘောင်တံတားနဲ့။

လမ်းဘေးက အုတ်ခုံလေးနဲ့ အဲဒီအောက်က ရေကြည်စမ်းကလေး။

ပြီးတော့ ဆောင်းတွင်း မြက်ခင်းပြင်တခု။

အောက်ခြေသိမ်ပြီး အပေါ်မှာ ကားနေတဲ့ လေတိုက်စား မြေသားကုန်းမို့တွေပေါ်မှာ မြက်ဖျားတွေ တဖားဖားနဲ့။ ပြီး တော့ ကွင်းပြင်ကို ပိုကျယ်၊ မြင်ကွင်းကို ပိုဝေးသွားစေတဲ့ အမွေးတိုင်နဲ့။ ပြားကပ်စုတ်ပြတ်သွားပြီဖြစ်တဲ့ ဘီးတွေ မြေထဲမြှုပ်ဝင်နေတဲ့အထိ နီမိတ်ပုံတစ်ခုလို ရပ်ထားတဲ့

ထွန်စက်အပျက်၊ စက်ဖုံးပေါ်က မြက်တွေ။

ခပ်လှမ်းလှမ်းက အပင်အုပ်အုပ်လေးတွေ အောက်က အိမ်ကုပ်ကုပ်လေး ထဲမှာ ကြည်လင်မှုကို တာဝန်ယူထားတဲ့ ကလေးမ။ ငါ သူ့ကို အဲဒီနေရာမှာ အဲဒီအတိုင်း တသက်လုံးထားလိုက်တော့တာ။ ငါ အခုလို ကြီးရင့်လာတဲ့ အထိ သူက ရယ်လိုက်ရင် ညာနှုတ်ခမ်းဘေးက ကွေးသွားပြီး မဲ့လေးတစ်ခု ကို ပိုပေါ်လာစေတဲ့ သွားတက်နဲ့ ကလေးမပဲ။ စကပ်အရှည်ဖားဖားကို ဝတ် ထားပြီး အစိမ်းကွက်ဖလန်နယ်အနွေးထည်ကို ခါးမှာ ချည်ပတ်ထားတယ်။

ရှေ့က တောင်ဟာ ငါအသိနဲ့အတူ လိုက်မြင့်မားလာနေတယ်။

ငါကတိပေးပြီး ပျက်ကွက်ခဲ့တဲ့ ဆော့စရာစက္ကူပုံချပ်လေးတချပ်နဲ့ တွဲ သီထားတဲ့ သွားညီညီသေးသေးလေးတွေနဲ့ သူငယ်ချင်းမလေးဟာလည်း အဲဒီနားမှာ အဲဒီအတိုင်း နုပျိုနေဦးတော့မှာ။

လမ်းဆုံကနေ ငါ တရုတ်လုပ်ပြုင်ဘီးမရမ်းရောင်လေးကို နင်းပြီး ပြန်ဝင် လာတယ်။ ဆာခါကြီးတို့ ဆိုင်ရှေ့မှာ လူ၂ ယောက်၊ တယောက်က ငှါ လက်ရှိက၊ တယောက်က ပိုဝေးတဲ့ အတိတ်ကာလက လာခဲ့သလိုမျိုး ရပ် ပြီး ငှါကို စူးစူးရဲရဲကြည့်နေကြတယ်။

ဂိတ်ဝဆီမသွားပဲ ဘေးကျောက်ခင်းလမ်းလေးကနေ နင်းခဲ့တယ်။ ဖုန်ခင်း လမ်းတောင်ဖြစ်နေခဲ့ပါပြီ။ ဘုရား ကျောင်းဘေးက နံရံတွေက အဆုံးမှာ ကုမာရပါတဲ့ နာမည်တွေနဲ့ စီခြယ်ရေးထိုးထားတယ်။ ငါမုန်းတဲ့ အဝါရောင် ပန်းလုံးလုံးတွေ မပွင့်သေးဘူး။

တထပ်တိုက်ခန်းတွဲလေးဆီ ငါဆင်းတွန်းသွားလိုက်တယ်။ ရယ်ဖြဖြနဲ့ အကိုတယောက်က မြေစိုင်ခဲနဲ့ လှမ်းပေါက် တယ်။ ငါ ၂၃ နှစ်တိတိ လျော့နည်းငယ်ရွယ်သွားပြီး ငှါလက်ကို လာဆွဲသွားတဲ့ ကတ္တီပါ ဦးထုပ် အိုင်းလေး။ အစိမ်းရောင် သက္ကလတ်ကုတ်ရဲ့ မျက်နှာဟာ ဖြူ ဖွေးပြီး ရယ်

ရွှင်နေတယ်။ ဘုရားထီးကို လေတိုးသလို ဆည်းလည်းသံတွေနဲ့ တလွင်လွင်စကားပြောတယ်။

သူလည်း အဖြစ်အပျက်တွေရဲ့နောက်ထဲ ဝင်ရောက် ပျောက်ရှမသွားခင်ထိ ငါသိမ်းထားမိတော့မယ့် အချိန်အကန့်လေးထဲမှာပဲ တသက်လုံး ဆက်ရှိနေတော့ မှာ။

RIT ကျောင်းကြီးနားကနေ တက်သွားပြီး သစ်သားတံတားခင်းလက်ဖက်ရည်ဆိုင်လေးမှာ နှပ်ကော်ဖီသောက် တယ်။ စမူဆာ လှမ်းမှာစားတယ်။(လို့ငါထင်တယ်)

အစိုးရရုံးဝန်းအကျယ်ကြီးတွေထဲကနေ ထွက်လာနေတဲ့ တိတ်ဆိတ်မှုကို ငါငေးကြည့်တယ်။

ငါ တယောက်ယောက်ကို ချစ်ချင်ခဲ့တာ ကျလာတဲ့အမှောင်ဖျော့ဖျော့တွေ သိမှာပါ။

ဒါပေမဲ့ ငါဟာ မချစ်နိုင်တော့တာကိုလည်း ကြွေကျနေတဲ့ ရောင်စုံစက္ကူပန်းချပ်တွေ သိတာပဲ။

ဟာလာဟင်းလင်းဖြစ်နေခြင်းက ငှါရင်ထဲကို အပြည့်ဖြည့်ထားတယ်။

ကြိုကုန်းကွေ့ရောက်တဲ့အထိ ဆက်လျှောက်လာခဲ့တာကို ငါ မေ့နေခဲ့တယ်။

ပြီးတော့ ရှေ့က လမ်းတဖက်တချက်် သစ်ပင်စိမ်းစိမ်းတွေ လက်ဖြန့်ကာထားတဲ့ လမ်းလယ်ကျွန်းအတိုင်း လျှောက်ပြန်လာရင်း ငါ နောက်တကြိမ် အသက်ပြန်ဝင်လာခဲ့တာကို ခံစားမိခဲ့တယ်။

ဟာလာဟင်းလင်းဖြစ်ခြင်းကပဲ ငှါကို အသက်ပြန်သွင်းပေးခဲ့ပါတယ်။

***